**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

ကြယ်ဝါသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ ဖောင်းတောဒေသ၊ မြေဧရိယာ (၄၉.၅) ဧက ကျယ်ဝန်းသောလုပ်ကွက်တွင် ခဲသတ္တုတူးဖော်ခြင်း(သန့်စင်ခြင်းမပါ) တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသောပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်**

**(Environmental Compliance Certificate-ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၅၈၅ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ( ၁၉ )ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ( အမိန့်ကြော်ငြာစာအမှတ် ၆၁၆ / ၂၀၁၅ ) တို့အရ နောက်ဆက်တွဲ(က)တွင်ဖော်ပြထားသောအဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါစည်းကမ်းချက်များကိုလိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဒေါ်အေးသင်းကို<br>အုပ်ချုပ်မှုဒါရိုက်တာ၊ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - ကြယ်ဝါသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊<br>တိုက်(၁၆)၊ မြေညီထပ်၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး<br>၀၉၅၁၀၄၇၇၃၊ ၀၉၅၁၃၅၄၁၆ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ခဲသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - (၄၉.၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊<br>ပျော်ဘွယ်မြို့နယ်၊ ဖောင်းတောဒေသ |
| (ဆ) | **ECC သက်တမ်း** | - (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၆-၇-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၅-၇-၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် တင်ပြလာသည့် ၂၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁၂/၁၇၂၄/ ကြယ်ဝါ / စီမံကိန်း(၁၀)/၂၀၂၀ |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင်စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့်ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

## ကြယ်ဝါသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၊ ခဲသတ္တုတူးဖော်ခြင်း(သန့်စင်ခြင်းမပါ)လုပ်ငန်း စီမံကိန်းအကြောင်းအရာ

၁။ ကြယ်ဝါသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ ဖောင်းတောဒေသရှိ မြေဧရိယာ(၄၉.၅)ဧက ကျယ်ဝန်းသော လုပ်ကွက်တွင် ခဲသတ္တုတူးဖော်ခြင်း(သန့်စင်ခြင်းမပါ)လုပ်ငန်းအတွက် အမှတ်(၁)၊ သတ္တုတွင်းလုပ်ငန်း မှတစ်ဆင့် တင်ပြထားသည့် ၂၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁၂၂/၁၇၂၄/ ကြယ်ဝါ/ စီမံကိန်း (၁၀)/ ၂၀၂၀ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate–ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်အေးသင်ကို၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ကြယ်ဝါသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၊ အမှတ်-(၅၄၂/ဘီ) ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း၊ ၀၁-၂၄၆၅၅၉ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ(၄၉.၅)ဧက ကျယ်ဝန်းသော လုပ်ကွက်တွင် ခဲသတ္တုတူးဖော်ခြင်း(သန့်စင်ခြင်းမပါ)လုပ်ငန်း ဆောင်ရွက်ရာတွင် တစ်နှစ်လျှင် ခဲသတ္တုတန်ချိန် ၆၀၀ခန့်ထုတ်လုပ်ရန် လျာထားပြီး၊ မြေအောက်သတ္တုတူးဖော်နည်းစနစ်ကိုအသုံးပြု၍ တူးဖော်ရရှိသော ခဲသတ္တုများအား သန့်စင်စက်ရုံသို့ပို့ဆောင်၍ သန့်စင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** တစ်နှစ်လျှင် ဒီဇယ်ဆီဂါလန်(၂၀,၀၀၀)ခန့်၊ စက်ဆီချောဆီဂါလန်(၃၀၀)ခန့်နှင့် ရေသုံးစွဲမှုအနေဖြင့် ဂါလန်(၄၀,၀၀၀)ခန့် အသုံးပြုမည်ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ ဖောင်းတောဒေသရှိ ခန့်မှန်းမြေပုံညွှန်း 93-D/6L(A-769 060, B-774 060, C-774 055, D-769 055)တွင် တည်ရှိပါသည်။

# ကြယ်ဝါသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စုတွင် ခဲသတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုထားသော လုပ်ကွက်၏ တည်နေရာပြမြေပုံ




အညွှန်း

လုပ်ကွက်၏တည်နေရာ ၉၃ ဗီ/၆ (၇၆၉ ၀၆၀၊ ၇၇၄ ၀၆၀၊ ၇၇၄ ၀၅၅၊ ၇၆၉ ၀၅၅)

စကေး

၀ ၁ မိုင်

(စစ်ဆေးသူ)

(အတည်ပြုသူ)

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ၊ အထွေထွေစည်းကမ်းများနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူ ကြယ်ဝါသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ ခဲသတ္တုတူးဖော်ခြင်း (သန့်စင်ခြင်းမပါ)လုပ်ငန်းအတွက် အမှတ်(၁)၊ သတ္တုတွင်းလုပ်ငန်း မှတစ်ဆင့် တင်ပြထားသည့် ၂၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁၂၂/၁၇၂၄/ ကြယ်ဝါ/ စီမံကိန်း (၁၀)/ ၂၀၂၀ ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများအပါအဝင် စီမံကိန်းနှင့်သက်ဆိုင်သော လိုက်နာရမည့် စီမံကိန်းမူဝါဒများ၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ မူဝါဒများနှင့် အခြားဆက်စပ်သည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာသွားမည်ဖြစ်ကြောင်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်ချက် စံချိန်စံညွှန်းများနှင့် အညီ စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **သတ္တုတူးဖော်ခြင်းနည်းစဉ်။** ခဲသတ္တုတူးဖော်ခြင်း(သန့်စင်ခြင်းမပါ) လုပ်ငန်းဆောင်ရွက်ရာတွင် တစ်နှစ်လျှင် ခဲသတ္တုတန်ချိန် ၆၀၀ခန့် ထုတ်လုပ်ရန် လျာထားပြီး၊ မြေအောက်သတ္တုတူးဖော်နည်းစနစ်ကို အသုံးပြု၍ တူးဖော်ရရှိသော ခဲသတ္တုများအား သန့်စင်စက်ရုံသို့ ပို့ဆောင်၍ သန့်စင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ခဲသတ္တုသယ်ယူရာတွင် အသုံးပြုသည့် မြေသားကားလမ်းများအား အနည်စစ်ကန်မှရေဖြင့် မော်တော်ယာဉ်နှင့် စက်ယန္တရားများ ဖြတ်သန်းသွားလာသည့် ရက်များတွင် တစ်ရက်လျှင် ဂါလန်(၁၆၀၀)ဆန့် ရေကား(၂)စီးဖြင့် ရေဖျန်းခြင်း၊ မြေသားလမ်းများတွင် မော်တော်ယာဉ်များကို အရှိန်လျှော့မောင်းနှင်ရန်နှင့် သတ္တုသယ်ယူရာတွင် ဖုံးအုပ်သယ်ယူခြင်းဖြင့် လေထုညစ်ညမ်းမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(၂) လေထုအရည်အသွေး ထိခိုက်မှုမရှိစေရေး စီမံကိန်းဧရိယာအတွင်းမှ ခဲသတ္တု သယ်ယူသည့် ကားများထွက်ရှိရာတွင် ကား၏ကိုယ်ထည်နှင့် ကားဘီးများအား ရေဖြင့်ဆေးကြောပြီးမှထွက်ရှိစေရန်၊ သတ္တုသယ်ယူရာတွင် လုံခြုံစွာ ဖုံးအုပ်၍ သယ်ယူစေခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(၃) ခဲသတ္တုထုတ်လုပ်မှုမှာ တစ်နှစ်လျှင် တန်(၆၀၀)ခန့်ဖြစ်သဖြင့် သတ္တုသယ်ယူမှု လုပ်ငန်းအား တစ်လလျှင် အများဆုံး(၂)ကြိမ်သာ သယ်ယူစေခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(၄) သတ္တုသယ်ယူရာ ကားလမ်းကြောင်းဘေးပတ်ဝန်းကျင်တွင် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် လေထုညစ်ညမ်းမှုအား ကာကွယ်ထိန်းသိမ်းသွားရန်၊

(၅) လုပ်ကွက်အတွင်းရှိ သစ်ပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းခြင်းမပြုဘဲ ထိန်းသိမ်းထားရှိရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သတ္တုတူးဖော်ရာမှထွက်ရှိလာသည့် စွန့်ပစ်ရေအား ရေစစ်ကန်များတွင် စုဆောင်းစစ်ယူ၍ နောက်ဆုံးရေစစ်ကန်မှရေကြည်အား ပြန်လည်အသုံးပြု ခြင်းဖြင့် ရေထုညစ်ညမ်းမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေများတွင် အက်ဆစ်ဓာတ်မြင့်မားမှုအား စစ်ဆေးတွေ့ရှိပါက ထုံး အသုံးပြု၍ ဓာတ်ပြယ်စေပြီးမှ စွန့်ပစ်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပြန်လည်အသုံးပြုရန်၊

(၃) ဝန်ထမ်းများ၏ ရေချိုးခန်း၊ ရေအိမ်များမှထွက်ရှိသော အညစ်အကြေးများ၊ စားသောက်ဆောင်မှ ထွက်ရှိသော အညစ်အကြေးများနှင့် ရေဆိုးများအား WHO ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီပြုလုပ်၍ စွန့်ပစ်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများအား စနစ်တကျစုပုံထားရှိပြီး သတ္တု တွင်းပိတ်သိမ်းချိန်တွင် မြေပြန်ဖို့ရန် စီစဉ်ဆောင်ရွက်ထားရှိရန်၊

(၂) အပေါ်ယံမြေဆီလွှာများအား စနစ်တကျစုပုံထားရှိပြီး မိုင်းပိတ်သိမ်းသည့် အချိန်တွင် စနစ်တကျမြေပြန်ဖို့၍ ပျော်ဘွယ်မြို့နယ်၊ သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုနှင့် ဒေသနှင့်ကိုက်ညီသော သစ်ပင်များအား ပြန်လည်စိုက်ပျိုးရန် အတွက် ဆောင်ရွက်ထားရှိရန်၊

(၃) အပေါ်ယံမြေစာနှင့် စွန့်ပစ်မြေစာစုပုံကွင်းအား ရေတိုက်စားခြင်းမရှိစေရန် မြေထိန်းနံရံတည်ဆောက်၍ တိုက်စားမှုနှင့် အနည်ပို့ချမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ယန္တရားများလည်ပတ်မှုကြောင့် အသံနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ပြည့်မီအောင် ဆောင်ရွက်ပေးသွားရန်၊

(၂) အင်ဂျင်စက်မှ ဆူညံသံထွက်ရှိနိုင်သဖြင့် အသံစုပ်ယူနိုင်သည့် အသံလုံစနစ်များ တပ်ဆင်ခြင်းဖြင့် ကာကွယ်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးသွားရန်၊

(၃) အသံထိန်းချုပ်မှုအတွက် အသံလုံစနစ်များ တပ်ဆင်ထားရန်၊ အင်ဂျင်ရေတိုင်ကီ အဝင်နှင့် Exhaust အထွက်များတွင်လည်း အသံလုံစနစ်များတပ်ဆင်ထားရှိရန်၊

(၄) လုပ်ငန်းခွင်၌ လုပ်သားဝန်ထမ်းများအား နားကြပ်ကိရိယာများတပ်ဆင်စေခြင်း ဖြင့် ဆူညံသံကြောင့် ထိခိုက်မှုများအား ကာကွယ်ထားရှိရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပေါ်ယံမြေစာနှင့် စွန့်ပစ်မြေစာများအား စုပုံကွင်းတည်ဆောက်၍ စနစ်တကျ စုပုံခြင်းနှင့် စွန့်ပစ်ရေအား ရေစစ်ကန်များတွင် စုဆောင်းစစ်ယူ၍ ပြန်လည် အသုံးပြုရန်၊

(၂) စွန့်ပစ်ရေများတွင် အက်ဆစ်ဓာတ်မြင့်မားမှုအား စစ်ဆေးတွေ့ရှိပါက ထုံး အသုံးပြု၍ ဓာတ်ပြယ်စေပြီးမှ စွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်းအား ဆောင်ရွက်သွားရန်၊

(၃) ဝန်ထမ်းများ၏ ရေချိုးခန်း၊ ရေအိမ်များမှထွက်ရှိသော အညစ်အကြေးများ၊ စားသောက်ဆောင်မှထွက်ရှိသော အညစ်အကြေးများနှင့် ရေဆိုးများအား WHO ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်သည့် နည်း စနစ်များအသုံးပြုဆောင်ရွက်သွားရန်၊

(၄) စွန့်ပစ်အမှိုက်များကိုလည်း ကျင်းတူး၍ စနစ်တကျစွန့်ပစ်ခြင်းများ ပြုလုပ် ဆောင်ရွက်သွားရန်၊

(၅) ခဲသတ္တုတူးဖော်ထုတ်လုပ်ရာမှ ထွက်ရှိလာမည့် စွန့်ပစ်ရေအား ရေစစ်ကန်များ ပြုလုပ်၍ထိန်းသိမ်းခြင်း၊ နောက်ဆုံးရေစစ်ကန်မှ ရေကြည်အား ပြန်လည်

အသုံးပြုသည့်စနစ်ဖြင့် ပြန်လည်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းတို့ ပြုလုပ်သွားရန်၊

(၆) အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာစုပုံကွင်းများအား ရေတိုက်စားခြင်းမရှိစေရန် မြေထိန်းနံရံတည်ဆောက်၍ တိုက်စားမှု၊ အနည်ပို့ချမှုများမဖြစ်စေရန် ဆောင်ရွက်သွားရန်။

(ဓ) **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ခဲသတ္တုရိုင်းများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ဇီဝမျိုးစိတ်များ ပျက်သုဉ်းခြင်းမရှိစေရန်အတွက် စီမံကိန်းဝန်ထမ်းများအား ဇီဝမျိုးကွဲမျိုးစိတ်များကို သတ်ဖြတ်စားသောက်ခြင်းအား တင်းကြပ်စွာ တားမြစ်သွားရန်၊

(၂) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များအတွက် ကြီးကြပ်ဆောင်ရွက်မည့်အဖွဲ့များ ဖွဲ့စည်းကာ စီစဉ်ဆောင်ရွက်ထားရှိရန်။

(ဿ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းကာကွယ်ရေးအတွက် ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများ သင်ကြားပို့ချပေးရန်၊

(၂) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိရန်၊

(၃) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အန္တရာယ်ကင်းသတိပေးဆိုင်းဘုတ်များ သိသာမြင်သာသည့်နေရာများတွင် တပ်ဆင်ထားရှိရန်၊

(၄) လုပ်သားဝန်ထမ်းများအားလုံး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်အသုံးပြုစေပြီး ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်သွားရန်၊

(၅) ကြက်ခြေနီဆေးပုံးများကို လုပ်ငန်းဆောင်ရွက်သည့် နေရာတိုင်းတွင် အလွယ်တကူရရှိနိုင်ရေး ထားရှိဆောင်ရွက်သွားရန်၊

(၆) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ပျော်ဘွယ်မြို့နယ် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏အစီအစဉ်ဖြင့် စီမံချက်များရေးဆွဲခြင်း၊ လုပ်သားဝန်ထမ်းများအား သင်တန်းပေးခြင်းများ ဆောင်ရွက်သွားရန်၊ အရေးပေါ်ကယ်ဆယ်ရေး

လုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သော ပစ္စည်းများ စုဆောင်းထားရှိရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက တုံ့ပြန်နိုင်ရေး စီမံချက်များချမှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊

(၂) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ကယ်ဆယ်ရေး လုပ်ငန်းများလုပ်ဆောင်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်၊

(၃) အရေးပေါ်အခြေအနေတွင် ဝန်ထမ်းများ ကယ်ဆယ်ရေးလုပ်ငန်းများအား လုပ်ဆောင်နိုင်ရန် ဝန်ထမ်းများအား အခြေခံရှေးဦးလူနာပြုစုခြင်း သင်တန်းများ ပို့ချပေးထားရန်၊

(၄) အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အနီးဆုံးဆေးပေးခန်း၊ ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ပေးနိုင်ရန် ဆောင်ရွက်သွားရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေထုအရည်အသွေးအား လက်ရှိပတ်ဝန်းကျင်အရည်အသွေး တိုင်းတာထားသည့်နေရာတွင် Arsenic, Cadmium, Lead, Mercury တို့အား (၃)လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) လေအရည်အသွေးအား လက်ရှိပတ်ဝန်းကျင်အရည်အသွေး တိုင်းတာထားသည့်နေရာတွင် CO, $CO_2$, $NO_2$, $PM_{2.5}$, $PM_{10}$ နှင့် $SO_2$ တို့အား (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ဆူညံသံအား (၆)လတစ်ကြိမ် လုပ်ကွက်အတွင်းရှိ စခန်းတည်ဆောက်မည့် နေရာတွင် တိုင်းတာစစ်ဆေးရန်၊

(၄) ရေအရည်အသွေးအား ဖောင်းတောကျေးရွာအတွင်းရှိ အများသုံးရေတွင်းမှ ရေအား (၃)လ တစ်ကြိမ် pH, Conductivity, Total Hardness, Total Alkalinity, Iron, Chloride, Sodium Chloride, Sulphate, Dissolved Solids, Salinity, Lead တို့အား တိုင်းတာစစ်ဆေးရန်၊

(၅) စွန့်ပစ်ပစ္စည်း (စွန့်ထုတ်အရည်)အတွက် အနည်စစ်ကန်မှ ရေအရည်အသွေး အား (၃)လတစ်ကြိမ် pH, Conductivity, Total Hardness, Total

Alkalinity, Iron, Chloride, Sodium Chloride, Sulphate, Dissolved Solids, Salinity, Lead တို့အား တိုင်းတာစစ်ဆေးရန်။

(ဌ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်းကို အတည်ပြုအစီရင်ခံစာပါ ကတိကဝတ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်။

(ဎ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ်(၂၇)သိန်းခန့် လျာထားသုံးစွဲရန်၊

(၂) ထိခိုက်မှုနှင့်လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ်သိန်း(၂၀)ခန့် လျာထားသုံးစွဲရန်၊

(၃) အရေးပေါ်ကာကွယ်ရေး အစီအစဉ်အတွက် ရန်ပုံငွေကျပ်(၇၅)သိန်းခန့် လျာထားသုံးစွဲရန်၊

(၄) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် ရန်ပုံငွေကျပ်သိန်း(၃၅၀)ခန့် လျာထားသုံးစွဲရန်၊

(၅) လုပ်ငန်းခွင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အတွက် ရန်ပုံငွေကျပ်သိန်း(၃၀)ခန့် လျာထားသုံးစွဲရန်၊

(၆) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ်အတွက် ရန်ပုံငွေကျပ်(၁၀)သိန်းခန့် လျာထားသုံးစွဲရန်၊

(၇) မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် ရန်ပုံငွေကျပ်သိန်း(၂၀၀)ခန့် လျာထားသုံးစွဲရန်၊

(၈) စိုက်ခင်းတည်ထောင်ခြင်း အစီအစဉ်အတွက် ရန်ပုံငွေကျပ်သိန်း (၅၀)ခန့် လျာထားသုံးစွဲရန်၊

(၉) စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၁၀)သိန်းခန့် လျာထားသုံးစွဲရန်။

(ဏ) **လုပ်ငန်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းစတင်ချိန်မှစ၍ Top Soil နှင့် Tailing များအား Dumping Site များတွင် စနစ်တကျစုပုံထားရှိရန်၊

(၂) အပေါ်ယံမြေဆီလွှာအား(၁၀၀'× ၁၀၀'× ၄')ရှိ စုပုံကွင်းတွင် သီးခြားစုပုံထားရှိမည်ဖြစ်ပြီး သတ္တုတွင်းပိတ်သိမ်းချိန်တွင် ပြန်လည်ဖြည့်တင်းနိုင်ရန် အသုံးပြုသွားရန်၊

(၃) မိုင်းပိတ်သိမ်းချိန်တွင် ပျော်ဘွယ်မြို့နယ်၊ သစ်တောဦးစီးဌာန၏လမ်းညွှန်မှုများကိုရယူ၍ ဒေသနှင့်ကိုက်ညီသင့်လျော်သော နှစ်တို၊ နှစ်ရှည်ပင်များကို ပြန်လည်စိုက်ပျိုးပေးသွားရန်နှင့် စိုက်ပျိုးရာတွင် ကျွမ်းကျင်သော စိုက်ပျိုးရေးပညာရှင်များမှ ကြီးကြပ်ဆောင်ရွက်သွားရန်၊

(၄) မြေသားပြိုကျနိုင်သောနေရာများ၊ တောင်စောင်းများရှိပါက သစ်ပင်များ စိုက်ပျိုး၍ မြေထိန်းခြင်းပြုလုပ်ရန် လိုအပ်လာပါက မြေထိန်းနံရံများ ပြုလုပ်ပေးသွားရန်၊

(၅) ပျော်ဘွယ်မြို့နယ်၊ သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုတို့ဖြင့် ပျိုးဥယျာဉ်(၁)ခုအား သတ္တုတွင်းမပိတ်သိမ်းမီ ကြိုတင်တည်ဆောက်သွားရန်၊

(၆) အလတ်စားထုတ်လုပ်မှုလုပ်ငန်း စတင်သည့်အချိန်တွင် ပျိုးဥယျာဉ်အား စတင်တည်ထောင်သွားရန် ပျိုးပင်များအား (၆)လအတွင်း ဝယ်ယူဖြည့်တင်းပျိုးထောင်သွားရန်နှင့် ဒေသနှင့်သင့်လျော်သည့် ပျဉ်းကတိုး၊ မန်ဂျန်ရှားနှင့် ကျွန်းပင်များစိုက်ပျိုး၍ အပင် (၁)မျိုးလျှင် (၂၀၀)နှုန်းခန့်ဖြင့် စိုက်ပျိုးသွားရန်၊

(၇) သတ္တုတွင်းပိတ်သိမ်းချိန်တွင် လုပ်ကွက်ဝန်းကျင်ရှိ ရေအရည်အသွေး ထိခိုက်မှုရှိ/မရှိကို ဓာတ်ခွဲစစ်ဆေး၍ လိုအပ်ပါက စောင့်ကြပ်ကြည့်ရှုသည့်ကာလအတွင်း Treatment ပြုလုပ်ပေးခြင်းနှင့် Neutralization များ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်သွားရန်၊

(၈) မိုင်းပိတ်သိမ်းချိန်တွင် ထိခိုက်မှုရှိသောနေရာများမှ မြေဆီလွှာများအား ဓာတ်ခွဲစစ်ဆေး၍ ကျွမ်းကျင်သောပညာရှင်များဖြင့် ပြန်လည်ပြုပြင်ပေး၍ လိုအပ်ပါက မြေဆီလွှာအစားထိုးခြင်းတို့ကို ပြုလုပ်ပေးသွားရန်၊

(၉) သတ္တုတွင်းပိတ်သိမ်းချိန်တွင် ဆောက်လုပ်ထားသော အဆောက်အဦးများအား ဖျက်သိမ်းသယ်ယူခြင်း၊ ယာဉ်စက်ယန္တရားများအား အခြားစီမံကိန်းသို့ပြောင်းရွှေ့ခြင်း၊ လူ့အသုံးအဆောင်နှင့် စွန့်ပစ်ပစ္စည်းများကို တွင်းတူး၍မြှုပ်ခြင်းများ၊ လိုအပ်သောနေရာတွင် သစ်ပင်စိုက်ပျိုးခြင်းများအား ပြုလုပ်သွားရန်၊

(၁၀) သတ္တုတွင်းပိတ်သိမ်းပြီးချိန်တွင် ပြန်လည်ထိန်းသိမ်းထားသည့် သဘာဝ ပတ်ဝန်းကျင်အခြေအနေများအား ပိတ်သိမ်းပြီးကာလ (၅)နှစ်အထိ ရန်ပုံငွေထား၍ စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များဖြင့် စောင့်ကြပ်ကြည့်ရှုသွားရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။**

အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လက်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှု

ကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေး လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခ ခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂ ဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(င င) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စ စ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည် ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စီမံကိန်းမှ တစ်နှစ်လျှင် ဘေးကာကျောက်နှင့် သတ္တုရိုင်းထွက်ရှိမည် ဖြစ်သောကြောင့် အဆိုပါစွန့်ပစ်မြေစာများကြောင့် ရေစီးရေလာ ပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ် မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ(၃၀၀) အကွာတွင် မြေစာပုံကွင်းပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီး ရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၇.၂ ပါ Parameterများ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲ ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန် များအားဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

ပြည်ထောင်စု ဝန်ကြီးရုံး

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။**
ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇ဝ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈ဝ၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းဆိုင်ရာ စည်းကမ်းချက်များ။**
သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု

အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့်သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များစိုက်ပျိုးရန်၊ အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့် ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင် သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်းလည်း ကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ(၇)ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်း အကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှု ကြောင့်ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန် ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်း ကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ

ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခ ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂ ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့်အချိန်သတ်မှတ်ချက်များ၊

(င င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်

လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္တုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(၄) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့်သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆လ တစ်ကြိမ် တင်ပြရန် နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊မည်သည့်အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံ နိုင်ပြီးစီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက်(၁၀)ရက် အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီ ထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်း များကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာ နှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာန အား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခ ခ) အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂ ဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကိုတွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ် ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာ

ဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်းစီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က)အရ နိုင်ငံတော်ပိုင်ဘဏ် တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---